- ဒီဇင်ဘာလအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
- CDM ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ
- ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဥ်များ
- ပြည်ထောင်စုဝန်ကြီး စကားသံ
- ဒီဇင်ဘာလအတွင်း တရားမဝင်သစ်ဖမ်းဆီးရရှိမှု
- ဆောင်းပါးကဏ္ဍ (ကျွန်ုပ်တို့ အမြတ်တနိုး တန်ဖိုးထားသင့်သည့် သဘာဝအဖိုးတန် ရတနာများ)
- ကဗျာကဏ္ဍ (Our Land)
- ကာတွန်းကဏ္ဍ



# သတင်းလွှာ

အတွဲ ၁ ၊ အမှတ် ၁၁ ၃၁ ဒီဇင်ဘာလ ၂၀၂၂

အမျိုးသားညီညွတ်ရေးအစိုးရ . သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# MONRECNEWS


## ဒီဇင်ဘာလအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

### ၁။ မြန်မာနိုင်ငံတွင် အာဏာသိမ်းကာလအတွင်း သစ်တောပြုန်းတီးမှုသတိပေးချက်များကို စောင့်ကြည့်လေ့လာခြင်း ရှေ့ပြေးသုတေသန အစီရင်ခံစာ (စစ်ကိုင်းတိုင်းဒေသကြီး) ထုတ်ပြန်

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သည် **“မြန်မာနိုင်ငံတွင် အာဏာသိမ်းကာလအတွင်း သစ်တောပြုန်းတီးမှုသတိပေးချက်များကို စောင့်ကြည့်လေ့လာခြင်း ရှေ့ပြေးသုတေသနအစီရင်ခံစာ”** ကို မြန်မာဘာသာဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ နည်းပညာအဖွဲ့သည် **ကမ္ဘာ့သစ်တောစောင့်ကြည့်ရေး (Global Forest Watch GFW)** ပလက်ဖောင်းကို အသုံးပြု၍ စစ်ကိုင်းတိုင်းဒေသကြီးအား ရှေ့ပြေးဧရိယာအဖြစ် သတ်မှတ်ကာ တိုင်းဒေသကြီးအတွင်းရှိ သစ်တောပြုန်းတီးမှု သတိပေးချက်များကို စောင့်ကြည့်လေ့လာခဲ့ ပါသည်။ စစ်တပ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့ (အစီရင်ခံစာရေးသားချိန်) အချိန်ကာလအတွင်း သစ်တောပြုန်းတီးမှု သတိပေးချက် စုစုပေါင်း ၂၂,၆၀၇ ခု လေ့လာတွေ့ရှိခဲ့ပါသည်။ သစ်တောပြုန်းတီးမှု သတိပေးချက်အများစုသည် တိုင်းဒေသကြီး၏ အလယ်ပိုင်းဒေသများရှိ သဘာဝထိန်းသိမ်းရေး နယ်မြေများနှင့် ကြိုးဝိုင်းတောများတွင် တွေ့ရှိရသည်။

အဆိုပါ နေရာဒေသနှင့် အချိန်ကာလအလိုက် သတိပေး




အချက်အလက်များ၏ အကူအညီဖြင့် မြေပြင်တွင် ဖြစ်ပေါ်နေသော သစ်တောပြုန်းတီးမှုဖြစ်စေသည့် တိုက်ရိုက်၊ တဆင့်ခံအကြောင်း အရင်းများကို လေ့လာဆန်းစစ်ခြင်းအားဖြင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ၎င်းဧရိယာရှိ သစ်တောများကို စီမံခန့်ခွဲခြင်းနှင့် သစ်တောပြုန်းတီးမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

## ၂။ တော်လှန်ရေး၏ အဓိက ဒေါက်တိုင်ဖြစ်သော CDM ပြည်သူ့ဝန်ထမ်းများကို ကူညီနိုင်မည့် အထူးအစီအစဉ် ဆောင်ရွက်

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သည် HAM_Collection အဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် MONREC-CDM ပြည်သူ့ဝန်ထမ်းများအတွက် Fund-raising အစီအစဉ်တစ်ရပ် ဆောင်ရွက်ခဲ့ပါသည်။

CDM ပြည်သူ့ဝန်ထမ်းများကို ကူညီနိုင်မည့် အစီအစဉ်တစ်ရပ်အနေဖြင့် Upcycled စာအုပ်များ ကို Limited Edition အနေဖြင့် ရောင်းချပေးခဲ့ပြီး အဆိုပါမှတ်စုစာအုပ်များတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်အိသဥ္စာမောင်၏ အမှတ်တရ အမှာစကားနှင့် လက်မှတ်များ ပါဝင်ပါသည်။




## ၃။ "ကြားကာလနှင့် တော်လှန်ရေးကာလအလွန် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး" ဆွေးနွေးပွဲ ကျင်းပ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ လစဉ်ဆွေးနွေးပွဲတစ်ရပ်ကို "ကြားကာလနှင့် တော်လှန်ရေးကာလအလွန် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး" ခေါင်းစဉ်ဖြင့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ (သောကြာနေ့)၊ မြန်မာစံတော်ချိန် ည (၇) နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းစဥ်များအကြောင်း၊ ကြားကာလနှင့် နွေဦးတော်လှန်ရေးကာလအလွန် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးများအကြောင်းကို အမျိုးသားညီညွတ်ရေးအစိုးရ၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ခွန်းဘိထူး** နှင့် **ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီမှ ဆရာဦးမာန်ဟင်းဒါလ်း** တို့မှ ဆွေးနွေးပြောကြားခဲ့ပြီး Moderator အဖြစ် ဒေါက်တာမြိုးသီဟမှ ပါဝင်အားဖြည့်ကူညီခဲ့ပါသည်။

ဆွေးနွေးပွဲကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ Public Voice Television နှင့် Radio NUG တို့၏ Facebook စာမျက်နှာတို့တွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့ပါသည်။




## ၄။ ဒီဇင်ဘာလအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များ

- အကြမ်းဖက် စစ်ကောင်စီ၏ သယံဇာတ နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်နေသည့် ပြည်သူလူထု သဘောဆန္ဒမပါသောကိစ္စရပ်များသည် တရားမဝင်ကြောင်းကြေညာချက် (၁၀/၂၀၂၂)

## CDM ဝန်ထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ

ဝန်ကြီးဌာနရှိ ဌာန/လုပ်ငန်းအသီးသီးမှ CDM ဝန်ထမ်းများအတွက် ဒီဇင်ဘာလအတွင်း ဆပ်ပြာရည်ပြုလုပ်နည်းသင်တန်း ကျင်းပခဲ့ပြီး စုစုပေါင်း သင်တန်းသား/သူ (၂၀) ဦး တက်ရောက်ခဲ့ပါသည်။

### ပြည်ထောင်စုဝန်ကြီး စကားသံ

**"အခြေခံမူ၊ ရပ်တည်ချက် စံတန်ဖိုးများ မခိုင်ရင် လူတိုင်းဟာ ဝမ်းရေးတခုပဲ ထည့်တွက်စရာရှိလာတာဖြစ်တယ်။ ဒီတော်လှန်ရေးမှာ ကြုံရတဲ့ သင်ခန်းစာတွေဟာ တန်ဖိုးမြင့်ပါတယ်။"**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်

## ကာတွန်းကဏ္ဍ






### ဒီဇင်ဘာလအတွင်း တရားမဝင် သစ်ဖမ်းဆီးရရှိမှု

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ် တွင် **တရားမဝင်သစ် ဖမ်းဆီးရမိမှု (၇)မှု** ရှိခဲ့ပြီး ဖမ်းဆီးရမိသည့် တရားမဝင် ကျွန်းသစ် (၃၁.၅) တန်၊ အခြားသား တံခါးချပ် (၄၂) ချပ်နှင့်အတူ တရားခံ (၅) ဦးအား သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ အရေးပေါ် လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်ခဲ့ပါ သည်။

# ဆောင်းပါးကဏ္ဍ

## ကျွန်ုပ်တို့ အမြတ်တနိုး တန်ဖိုးထားသင့်သည့် သဘာဝအဖိုးတန်ရတနာများ

တောင်ကုန်းတောင်တန်း ဒေသများသည် ကမ္ဘာ့လူဦးရေ ၁၅ ရာခိုင်နှုန်းခန့်အတွက် ရှင်သန် နေထိုင်ရာ အိမ်များဖြစ်၍ တစ်ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေရင်းဒေသများ ထက်ဝက်ခန့် တည်ရှိရာဒေသများပင် ဖြစ်ပါသည်။ တောင်ကုန်းတောင်တန်းများသည် သက်ရှိလူသားထက် ဝက်နီးပါးခန့်၏ နေ့စဉ်ဘဝအတွက် သန့်စင်သော ရေချိုကို ထောက်ပံ့ပေးပါသည်။ တောင်ကုန်းတောင်တန်းဒေသများ ထိန်းသိမ်းကာကွယ်ခြင်းသည် ထာဝစဉ်ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု လမ်းကြောင်းအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည့်အပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ **(Sustainable Development Goals-SDGs)** အနက် ပန်းတိုင် (၁၅) ဖြစ်သည့် မြေပေါ် သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေးခေါင်းစဉ်၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။

တောင်ကုန်းတောင်တန်းဒေသများသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့် အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းစသည့် ခြိမ်းခြောက်မှုအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ကမ္ဘာ့ ရာသီဥတုပူပြင်း လာသည်နှင့်အမျှ တောင်ကုန်းတောင်တန်းဒေသများရှိ လူပေါင်းများစွာအနက် ကမ္ဘာ့ အဆင်းရဲဆုံးဒေသရှိလူသားများ သည် အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသော ကြိုးစားရုန်းကန်မှုများနှင့် ရင်ဆိုင်နေရလျက်ရှိပါသည်။ အပူချိန်မြင့်တက်လာခြင်းဖြင့် တောင် ကုန်းတောင်တန်းရှိ ရေခဲတောင်များမှာ ကြိုတင်မခန့်မှန်းနိုင်သောနှုန်းဖြင့် အရည်ပျော်လျက်ရှိ ကာ လူသန်းပေါင်းများစွာ၏ ရေချိုသယံဇာတအရင်းအမြစ်များအပေါ် ကြီးစွာသက်ရောက်လျက် ရှိသည်။

ထိုပြဿနာများသည် ကျွန်ုပ်တို့အားလုံးအပေါ် သက်ရောက်နေပါသည်။ ထို့ကြောင့် ကမ္ဘာကြီး ပူနွေးလာမှုကို ဖြစ်စေသည့် ကျွန်ုပ်တို့၏ ကာဗွန်ခြေရာကို လျှော့ချရမည်ဖြစ်ပြီး တောင်ကုန်း တောင်တန်းများကဲ့သို့သော သဘာဝအဖိုးတန်ရတနာများကို ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

ဒီဇင်ဘာလ (၁၁) ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ တောင်တန်းများနေ့ဖြစ်ပြီး ၂၀၂၂ ခုနှစ် အတွက် ဆောင်ပုဒ်မှာ **“အမျိုးသမီးများ အင်အားဖြင့် တောင်တန်းများ ကာကွယ်ကြစို့”** ဖြစ်ပါသည်။ တောင်ကုန်းတောင်တန်း သဘာဝသယံဇာတများကို စီမံခန့်ခွဲသူများ၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်း သိမ်းစောင့်ရှောက်သူများ၊ ရိုးရာဓလေ့အစဥ်အလာများကို ထိန်းသိမ်းသူများဖြစ်ကြသည့် အမျိုးသမီးများသည် တောင်တန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လူမှုစီး ပွား ဖွံ့ ဖြိုး တိုး တ က် ရေး အ တွ က် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသူများဖြစ်သဖြင့် အမျိုးသမီးများ အင်အားဖြင့် တောင်တန်းများ ကာကွယ်ကြပါစို့ဟု တိုက်တွန်းရေးသားအပ် ပါသည်။

**ကိုးကား- https://www.un.org/en/observances/mountain-day**

### ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေး အစီအစဥ်များ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ ကြားကာလလုပ်ငန်းများအနက် ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်အဖြစ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် CDM ဝန်ထမ်းများအတွက် အသိပညာမြှင့်တင်ရေး အွန်လိုင်း ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း **“Biodiversity Convention & Myanmar: Lesson Learned for Adaptation, beyond the Spring Revolution (Part-2) နှင့် (Part-3)”** ခေါင်းစဥ်ဖြင့် ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

# ကဗျာကဏ္ဍ

## Our Land

In a country, age to age,
Killing the “Free, Fair, and Just” by Evils

In a country, age to age,
Breeding Evils by Evils,

Will there be an age
With no Evil to be fought...?

Nonetheless-

This must be the last
Bringing an end to the Evils everywhere!

This must be the last
Making the “Free, Fair and Just” last forever!

Isn’t this the land
We all love and live together...?

**သပြေညို**
(၂၁-၁၁-၂၀၂၂)

[အဆိုတော်- လင်းလင်းနှင့် အာဇာနည်တို့၏ “နောက်ဆုံးဖြစ်ရမည်” သီချင်းအား ခံစားမိငြမ်းပါသည်။]

# စာမူဖိတ်ခေါ်ခြင်း




အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် အပတ်စဥ်ပညာပေးကဏ္ဍ တင်ဆက်ပေးလျက်ရှိရာ **သယံဇာတစီမံအုပ်ချုပ်ခြင်း၊ သဘာဝ ပတ်ဝန်းကျင်၊ ဇီဝ မျိုးစုံမျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတု ပြောင်းလဲ မှုဆိုင်ရာ ပြဿနာများအား ဖြေရှင်းဆောင်ရွက်ခြင်း၊ သတ္တုသယံဇာတများ စီမံခန့်ခွဲအသုံးချခြင်းနှင့် ဖက်ဒရယ်သယံဇာတ အုပ်ချုပ်မှုစနစ်နှင့် သက်ဆိုင်သော စာမူများ** (ဆောင်းပါး၊ အတွေးအမြင်စာစု၊ မှတ်စုတို၊ ကဗျာ၊ ကာတွန်း) ကို မိမိတို့နှစ်သက်ရာ ကလောင်အမည်ဖြင့် ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ပေးပို့လာသော စာမူရှင်များ၏ သတင်းအချက်အလက် လုံခြုံရေးအတွက် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့်

**MONREC Facebook Page Messenger (သို့) pramt@monrec.nugmyanmar.org** သို့ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။